**THAILAND**

27 June – 10 July 2016

## MEDIA MONITORING REPORT # 151

# ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

**ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် ပြည်နယ်အဆင့်အပစ်အခတ်ရပ်စဲရေးကော်မတီများ ဖွဲ့စည်းမည်**

Mizzima, 28 June 2016

ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး ပူးတွဲစောင့်ကြည့်စစ်ဆေးရေးကော်မတီ( JCMC)အဖွဲ့ဝင်များသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပြည်နယ်အဆင့် ကော်မတီများ ဖွဲ့စည်းရန် ဆွေးနွေးခဲ့ကြောင်း ၂၈ရက်နေ့ထုတ် ပြည်တွင်း သတင်းစာတွင် ဖော်ပြခဲ့သည်။




ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် JMC-S ကော်မတီခွဲဖွဲ့စည်းခြင်းကို ဇွန်လ(၂၉- ၃၀)ရက်နေ့တွင်စတင်ရန်မျှော်မှန်းထားကြောင်း JMC-U ဒုဥက္ကဋ္ဌ (၁)စောအိုင်းဇက်ဖိုးကပြောခဲ့သည်။

ယခုလက်ရှိ စတင်ကျင်းပနေသည့် နှစ်ရက်တာအစည်းအဝေးသည် ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့၌ JCMCs များဖွဲ့စည်းရန်အတွက် ဆွေးနွေးမည်ဖြစ်ပြီး JCMC နည်းပညာပိုင်းဆိုင်ရာစင်တာ(TSC) တည်ဆောက်မှုပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ကာ သုံးနှစ်အတွင်း JCMCလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဘတ်ဂျက်များနှင့်ပတ်သတ်၍လည်း ဆွေးနွေးမည်ဖြစ်သည်၊ ကော်မတီဖွဲ့စည်းရန်လုပ်ဆောင်ခြင်းသည် အလုပ်ပရိုဂရမ်များနှင့် JCMC ဒေတာဘေ့စ်များ ပိုမိုတိုးတက်လာစေရန်နှင့် လှည့်လည်ကြည့်ရှုစစ်ဆေးရေးလုပ်ငန်းများ၌ လူထုပူးပေါင်းပါဝင်မှု ပိုမိုတိုးလာစေရန်အတွက်ဖြစ်ကြောင်း အစီရင်ခံစာထဲတွင် ဖော်ပြထားသည်။

**Link:** http://www.mizzima.com/news-domestic/state-level-ceasefire-committees-be-formed-kayin-and-mon-states

**၂၁ရာစုပင်လုံညီလာခံတွင် ပါဝင်မည့်အဖွဲ့အစည်းများနှင့်အတူ မြန်မာ့တပ်မတော်မှ ပူးပေါင်းဆောင်ရွက်မည်**



Radio Free Asia, 29 June 2016

မြန်မာ့တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမှ တပ်မတော်သည်လည်း ဩဂုတ်လတွင် ကျင်းပမည့် ဒေါ်အောင်ဆန်းစုကြည်၏ ၂၁ရာစုပင်လုံညီလာခံ သေချာပေါက်အောင်မြင်မှု ရှိစေရန်အ

တွက် အစိုးရညှိနှိုင်းဆွေးနွေးသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ဖော် ကြေငြာခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယမန်နှစ် အောက်တိုဘာလတွင် အစိုးရနှင့်အတူ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်(NCA) ကို လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ညှိနှိုင်းဆွေးနွေးမှုအသင်း(PPST)နှင့်အတူ ဗုဒ္ဓဟူးနေ့၌ နေပြည်တော်တွင် ပြုလုပ်သည့် အစည်းအဝေးတွင် မှတ်ချက်ပေးခဲ့ခြင်းဖြစ်ကြောင်း အစည်းအဝေးတက်ရောက်သူ ရခိုင်လွတ်မြောက်ရေးပါတီမှ ခေါင်းဆောင် ဒေါ်မြရာဇာလင်းက ပြောခဲ့သည်။

NCA လက်မှတ်မရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကိုလည်း ညီလာခံတွင် ပူးပေါင်းပါဝင်ကြရန်အတွက် ဗိုလ်ချုပ်မှူးကြီးကလည်း ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ ဤတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ပြီးခဲ့သည့် ဆွေးနွေးပွဲများတွင် ချန်လှပ်ထားခြင်းခံရသည့် အဖွဲ့များဖြစ်သည်။

**Link:** http://www.rfa.org/english/news/myanmar/myanmars-military-to-cooperate-with-stakeholders-at-panglong-peace-conference-06292016161235.html

## နိုင်ငံတော် အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် နှင့် NCAလက်မှတ်ရေးထိုးထားသည့် အဖွဲ့များမှ ဒုတိယအကြိမ် ပင်လုံညီလာခံကို ဩဂုတ်လတွင် စတင်ပြုလုပ်ရန် သဘောတူညီ

Democratic Voice of Burma, 28 June 2016

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၈)ဖွဲ့မှ ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို ပိုမို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် ၂၁ရာစုပင်လုံညီလာခံကို ဩဂုတ်လနောက်ပိုင်းထက် နောက်မကျစေပဲ ကျင်းပပြုလုပ်ရန် ယနေ့အစည်းအဝေးတွင် သဘောတူညီခဲ့ကြသည်။



"ကျွန်တော်တို့ အဓိကပြောဖြစ်တာကတော့ လာမယ့်ငြိမ်းချမ်းရေးညီလာခံ စီစဉ်ဖို့အကြောင်းပါပဲ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုင်းရင်းသားခေါင်းဆောင်တွေက အကြံပေးထားကြတဲ့ အဓိကအချက်တွေကို ဆွေးနွေးခဲ့ကြပြီး ညီလာခံကို ဩဂုတ်လထက် နောက်မကျစေပဲ ကျင်းပဖို့ ဆွေးနွေးခဲ့ပါတယ်" ဟု အစည်းအဝေးတက်ရောက်သူ ပင်လုံအကြိုပြင်ဆင်ရေး ဆပ်ကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေက ပြောခဲ့သည်။

“NCAကိုလက်မှတ်မထိုးသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ ပါဝင်ဖို့အတွက် နည်းလမ်းတွေကိုလည်း ကျွန်တော်တို့ ဆွေးနွေးခဲ့သလို ဆွေးနွေးပွဲမှာပါဝင်မယ့် အရပ်ဖက် အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးပါတီတွေရဲ့အခန်းကဏ္ဍတွေကိုလည်း ဆွေးနွေးခဲ့ပါတယ် ” ဟု ၎င်းကထပ်ပေါင်းပြောကြားခဲ့သည်။

**Link:** http://www.dvb.no/news/suu-kyi-nca-start-second-panglong-august/67648

**ပင်လုံညီလာခံမတိုင်မီ မြန်မာတိုင်းရင်းသားများညီလာခံ ကျင်းပမည်**

Xinhua News, 10 July 2016

အစိုးရမှ ကမကထပြုလုပ်မည့် ဩဂုတ်လနှောင်းပိုင်းတွင် ကျင်းပမည်ဖြစ်သော၂၁ရာစု ပင်လုံညီလာခံမတိုင်မီ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်အတွက် မြန်မာတိုင်းရင်းသားများညီလာခံကို ဇူလိုင်လ(၂၆)ရက်နေ့တွင် ကချင်ပြည်နယ်မြောက်ဘက်ပိုင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်ဟု တနင်္ဂနွေနေ့ထုတ် ပြည်တွင်းသတင်းစာတွင် ဖော်ပြခဲ့သည်။

ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း(KIO) ထိန်းချုပ်ရာဒေသဖြစ်သည့် မိုင်ဂျာယန်တွင် သုံးရက်တာ အစည်းအဝေး ကျင်းပမည်ဖြစ်သည်။

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စာချုပ်(NCA) လက်မှတ်ရေးထိုးသူ အဖွဲ့(၈)ဖွဲ့နှင့် လက်မှတ်မရေးထိုးသည့် အခြားသောအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည့် သောကြာနေ့၌ ချင်းမိုင်မြို့တွင် ပြုလုပ်သောအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှု (DPN) အတွက် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)၏ ကိုယ်စားလှယ်များသည် အပစ်ရပ်စာချုပ်လက်မှတ်မထိုးသည့် အဖွဲ့(၈)ဖွဲ့ကို ကိုယ်စားပြုထားသည်။

NCA လက်မှတ်မထိုးသည့် အဖွဲ့များအား နိုင်ငံရေးဆွေးနွေးမှုများတွင် ပါဝင်ခွင့်ပြုရန်အတွက် ကော်မတီကဆုံးဖြတ်ခဲ့သည်။

**Link:** http://news.xinhuanet.com/english/2016-07/10/c_135501866.htm

## တရားဥပဒေနှင့်အုပ်ချုပ်မှု

**အစိုးရလုပ်ဆောင်ချက်များ နောက်ကွယ်တွင်ရှိနေသည့် နိုင်ငံတော်အတိုင်ပင်ခံရုံး**

The Irrawaddy, June 28, 2016

နိုင်ငံရေး အကျဉ်းသားများ လွှတ်ပေးခြင်းမှသည် ရခိုင်ပြည်နယ် ငြိမ်းချမ်းအောင် လုပ်ဆောင်မှုများအထိ အစိုးရ၏ အချို့အလွန်အရေးကြီးသော ကနဦးလုပ်ဆောင်မှုများ၏ နောက်ကွယ်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ရှိနေသည်ဟု တနင်္လာနေ့တွင် ဝန်ကြီးဦးကျော်တင့်ဆွေနှင့် သီးသန့်တွေ့ဆုံ မေးမြန်းရာတွင် ဝန်ကြီးမှ ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော် အတိုင်ပင်ခံရာထူးသည် သမ္မတ မဖြစ်အောင် တားဆီးခြင်းခံထားရသော နိုင်ငံရေးလွှမ်းမိုးမှု အင်အားကြီးမားသူ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အတွက် ဧပြီလ အစောပိုင်းတွင်ဖွဲ့စည်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ မေလလယ်တွင် ဦးကျော်တင့်ဆွေအား ပြည်ထောင်စုဝန်ကြီးဌာနအဆင့်ရှိသည့် နိုင်ငံတော်အတိုင်ပင်ခံရုံး၏ ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပြီး ဝန်ထမ်းအယောက်(၂၀၀)ရှိသည်။



ပြည်တွင်းထုတ် မွန်သတင်းအေဂျင်စီနှင့် တနင်္လာနေ့တွင် သီးသန့်တွေ့ဆုံ မေးမြန်းရာ၌ ၎င်း၏ဝန်ကြီးဌာနသည် နိုင်ငံရေးအကျဉ်းသားများနှင့် တက်ကြွလှုပ်ရှားသူများအား လွှတ်ပေးခြင်းနှင့် သမ္မတရုံး ပြန်လည်ဖွဲ့စည်းခြင်းတို့တွင် နောက်ကွယ်ကနေ ရှိနေခဲ့သည်ဟု ဝန်ကြီးဦးကျော်တင့်ဆွေက ပြောကြားခဲ့သည်။ ထို့ပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာအတွက် မြန်မာ့ငြိမ်းချမ်းရေးစင်တာ ပြန်လည်ဖွဲ့စည်းခြင်း ကဏ္ဍအပြင် ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုများတွင်လည်း ပါဝင်လုပ်ဆောင်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ၂၁ရာစု ပင်လုံညီလာခံ ကျင်းပရန်အတွက်လည်း ဩဂုတ်လနှောင်းပိုင်း သတ်မှတ်ထားကာ လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

**Link:** http://www.irrawaddy.com/burma/state-counselors-office-behind-govts-agenda-minister.html

# စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

## KG ကလေးများအတွက် ကလေးသူငယ်အစောပိုင်းပညာရေး ဘာသာရပ်တစ်ခုထည့်သွင်းမည်

The global New Light of Myanmar, 30 June 2016

သူငယ်တန်းကျောင်းသားများအတွက်" ကလေးသူငယ်အစောပိုင်းပညာရေး" ဘာသာရပ်တစ်ခုကို ထည့်သွင်းရန် ရန်ကုန်တက္ကသိုလ်ပညာရေးဌာနမှ စီစဉ်နေသည်ဟု ရန်ကုန်တက္ကသိုလ် ပညာရေးဌာန ပါမောက္ခဒေါက်တာအေးအေးမြင့်၏ ပြောကြားချက်အရဖြစ်သည်။

KG သင်ကြားရေးအတွက် ဘာသာရပ်သစ်နှင့် ဆက်စပ်နေသည့် သင်ကြားရေးပိုင်းဆိုင်ရာ နည်းလမ်းများကို KG ဆရာများမှလည်း သင်ယူရမည်ဖြစ်သည်။ တချို့ကျောင်းဆရာ/ ဆရာမများသည် ကလေးသူငယ်ပညာရေးနှင့်ပတ်သတ်၍ ကျောင်းဆရာသင်တန်းများ တက်ရောက်ထားခြင်းမရှိပဲ KG ကလေးများကို သင်ကြားနေကြသည်။

“ဒါဟာ ကလေးတွေအပေါ်မှာ ဆိုးကျိုးသက်ရောက်စေပါတယ်။ ဒါကြောင့် ကျွန်မတို့က ကလေးသူငယ် အစောပိုင်း ပညာရေး ဒီပလိုမာသင်ရိုး ကို ထည့်သွင်းဖို့ လုပ်ဆောင်ရတာပါ” ဟု ပါမောက္ခက ပြောကြားခဲ့သည်။

သင်ရိုးအား ယခုနှစ်ပညာသင်နှစ်၏ နှစ်ဝက်စာသင်ကာလတွင် စတင်မည်ဖြစ်သည်။ လျှောက်ထားသူ အရေအတွက်ပေါ် မူတည်၍ ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည်ဖြစ်သည်။

သင်ရိုးညွှန်းတန်းကို US ပွင့်လင်းလူဘောင်အဖွဲ့အစည်းဖောင်ဒေးရှင်း(OSF)မှ ပြင်ဆင်ပေးခဲ့ခြင်းဖြစ်ပြီး ထိုအဖွဲ့အစည်းသည် သင်ကြားရေးပိုင်းနှင့် သင်ယူခြင်းပိုင်းဆိုင်ရာ အကူအညီများကိုလည်း ပံ့ပိုးကူညီပေးခဲ့သည်။ ထို့ပြင် OSFသည် သင်တန်းတက်ရောက်သူများနှင့် ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။ UNICEF ၊ NGOs များ၊ ပညာသင်များနှင့်အတူ ပူးပေါင်းပြီး သင်တန်းအား လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဒီပလိုမာသင်တန်းအဖြစ် ဖွင့်လှစ်မည်ဖြစ်ကြောင်း အစီရင်ခံ ဖော်ပြထားသည်။

**Link:** https://issuu.com/myanmarnewspaper/docs/30_june_16_gnlm

## မွန်ပြည်နယ်တွင် ဆင်းရဲချို့တဲ့သော ကျောင်းသားများအတွက် လစဉ်ထောက်ပံ့ကြေးငွေ တိုးပေး

The Global New Light of Myanmar, 30 June 2016

မွန်ပြည်နယ်တွင် ဝင်ငွေနည်းပါးသည့် မိသားစုများမှ ကျောင်းသားများကို ထောက်ပံ့ကြေးငွေ တိုးမြှင့်ပေးအပ်မည်ဖြစ်သည်၊ ၎င်းတို့မှာ ပေါင်မြို့နယ်တွင်ရှိသော အခြေခံပညာစာသင်ကျောင်း (၁၅၉)ကျောင်းရှိ မူလတန်းကျောင်းသား(၇၉၇)ဦး ၊ အလယ်တန်းကျောင်းသား(၂၂၈၅)ဦး နှင့်အထက်တန်းကျောင်းသား(၆၉၁)ဦး အပါအဝင် စုစုပေါင်းကျောင်းသား(၄၀၀၀)ကျော် ပါဝင်သည်။

ဤထောက်ပံ့မှု အစီအစဉ်ကို သထုံခရိုင်ရှိ ကျိုက်ထို ၊ ဘီးလင်း နှင့် ပေါင်မြို့နယ်တို့၌ ၂၀၁၂ ခုနှစ်တွင် ဦးစွာစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ကမ္ဘာ့ဘဏ်နဲ့ စေတနာရှင်တွေရဲ့ ငွေကြေးကူညီပေးမှုကြောင့် ဒီစာသင်နှစ်မှာ ကျောင်းသားတယောက်ချင်းစီ ကို ထောက်ပံ့ကြေး တိုးပေးနိုင်တာပါ " ဟုပေါင်မြို့နယ်၊ ပညာရေးအရာရှိ ဒေါ်စန်းစန်းအေးကပြောခဲ့သည်။အာဏာပိုင်များမှ ပြီးခဲ့သည့် စာသင်နှစ်တွင် မူလတန်း ကျောင်းသားတစ်ဦးစီလျှင် (၄၀၀၀)ကျပ် ၊ အလယ်တန်းကျောင်းသားတစ်ဦးစီလျှင် (၅၀၀၀)ကျပ် နှင့် အထက်တန်းကျောင်းသား တစ်ဦးစီလျှင်(၆၀၀၀)ကျပ်စီ ပေးခဲ့ခြင်းဖြစ်သည်။ အတန်းကြီးကျောင်းသားများအား ထောက်ပံ့ကြေးငွေ ပိုမိုပေးအပ်ရခြင်းမှာ ၎င်းတို့အား အလုပ်လုပ်ခိုင်းရန်အတွက် စာသင်ကျောင်းမှ ထွက်ခွာရမည့် အခြေအနေ ပိုမိုမြင့်မားနေသောကြောင့်ဖြစ်သည်။

"ဆင်းရဲချို့တဲ့မှု နောက်ခံရှိတဲ့ မိဘကလာတဲ့ ကျောင်းသားပဲဖြစ်ဖြစ် ၊ မိဘမရှိပဲ ဆင်းရဲချို့တဲ့မှု နောက်ခံရှိတဲ့ ကျောင်းသားပဲဖြစ်ဖြစ် ဒီအစီအစဉ်အတွက် သင့်တော်တဲ့သူတွေဖြစ်ပါတယ်" ဟု သူမက ထပ်ပေါင်းပြောကြားခဲ့သည်။ တိုးပေးမည့် ထောက်ပံ့ကြေးငွေပမာဏမှာ မူလတန်းအဆင့် ကျောင်းသားများအတွက်(၄၀၀၀)ကျပ် မှ (၅၀၀၀)ကျပ်သို့လည်းကောင်း ၊ အလယ်တန်းအဆင့် ကျောင်းသားများအတွက်(၅၀၀၀)ကျပ် မှ (၈၀၀၀)ကျပ်သို့လည်းကောင်း ၊ အထက်တန်းအဆင့် ကျောင်းသားများအတွက်(၆၀၀၀)ကျပ် မှ (၁၀၀၀၀)ကျပ် သို့လည်းကောင်း တိုးပေးမည်ဖြစ်သည်။

**Link:** https://issuu.com/myanmarnewspaper/docs/30_june_16_gnlm

## သံဖြူဇရပ်မြို့နယ်တွင် ရွှေပြောင်းအိမ်ထောင်စုစာရင်း ( ၉၀၀) ကျော်စာရင်းပေးသွင်း လျှောက်ထား

Mon News Agency, 28 June 2016

အစိုးရ၏ ရက်(၁၀၀)စီမံချက်အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများအား အိမ်ထောင်စုစာရင်း ထုတ်ပေးလျှက်ရှိရာ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်တွင် အခြေချ အိမ်ထောင်စုစာရင်းအတွက် (၉၀၀)ရာကျော် စာရင်းပေးသွင်းထားပြီးဖြစ်သည်။




အိမ်ထောင်စုစာရင်း ထုတ်ပေးခြင်း စီမံချက်သည် ပြည်ထောင်စု အစိုးရရက် (၁၀၀)စီမံချက်၏ တစိတ်တပိုင်းဖြစ်ပြီးအဓိကအားဖြင့် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းရှိ ဗမာတိုင်းရင်းသားများပါဝင်ပြီး မြန်မာနိုင်ငံရှိ အခြားတိုင်းဒေသကြီးများမှဗမာတိုင်းရင်းသားများလည်း ပါဝင်သည်။

"ရက်(၁၀၀)စီမံချက်အနေနဲ့ အခြားနေရာဒေသတွေက လာပြီးအခြေချနေထိုင်တဲ့သူတွေကို အိမ်ထောင်စုစာရင်း ထုတ်ပေးနေပါတယ်။ အိမ်ထောင်စုစာရင်း ထုတ်ပေးခြင်းကို နှစ်မျိုးနှစ်စား ခွဲခြားထားပါ

တယ်။ သာမန်ရွှေ့ပြောင်းနဲ့ ယာယီရွှေ့ပြောင်း ဆိုပြီး ခွဲခြားထားပါတယ်။ ယာယီနေတဲ့သူတွေကို ကျွန်တော်တို့ စာရင်းပဲကောက်ပါတယ်။ အခြေချမယ့်သူတွေကိုတော့ ကျွန်တော်တို့ အိမ်ထောင်စုစာရင်း ထုတ်ပေးမယ် " ဟု သံဖြူဇရပ်မြို့နယ်၊ လဝက ဦးစီးမှူး ဦးစိုးမင်းလတ်က MNA နှင့် တွေ့ဆုံမေးမြန်းချက်တရပ်တွင် ပြောခဲ့သည်။

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ရွှေ့ပြောင်း အိမ်ထောင်စုစာရင်း ထုတ်ပေးရေး အစီအစဉ်ကို ပြန်လည် ရုတ်သိမ်းပေးရန် ဇွန်လ(၁၀)ရက်နေ့ ရက်စွဲဖြင့် မွန်အသင်းအဖွဲ့ (၁၅)သင်း၊ မွန်သံဃာတော်များနှင့် အမျိုးမျိုးသော ပုဂ္ဂိုလ်များမှလည်း ဝန်ကြီးချုပ်ထံ လက်မှတ်ရေးထိုး တောင်းဆိုခဲ့ကြသည်။

**Link:** http://monnews.org/2016/06/28/900-migrant-households-apply-documentation-thanbyuzayat-tsp/

## ကယားပြည်နယ် သဘာဝဘေး ကြိုတင်ပြင်ဆင်နိုင်ရန် ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်း

The Global New Light of Myanmar, 1 July 2016

ယမန်နှစ် နိုဝင်ဘာလတွင် မြေပြိုမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့သော ကယားပြည်နယ်အား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် ပြင်ဆင်နိုင်ရန်အတွက် စေတနာရှင် အဖွဲ့အစည်းမှ ဗုဒ္ဓဟူးနေ့တွင် ငွေကြေးပေးအပ်လှူဒါန်းခဲ့သည်။



ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် မကြာသေးမီကပင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ယခုကဲ့သို့ ငွေကြေးရန်ပုံငွေ စိုက်ထူ လှူဒါန်းခဲ့ပြီးနောက် ကယားပြည်နယ်၌ ငွေကျပ်သိန်း(၁၀၀၀) လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

"ဒီလို ဖောင်ဒေးရှင်း ထူထောင်ရတဲ့ ရည်ရွယ်ချက်ကတော့ သဘာဝဘေး ကျရောက်လာတဲ့အခါ အာဏာပိုင်တွေက အကူအညီတွေကို လျှင်လျှင်မြန်မြန် ပေးနိုင်ဖို့ပါ "ဟု အလှူငွေကြေးအား ကယားပြည်နယ်အစိုးရထံသို့လွှဲပြောင်းပေးအပ်သည့် အခမ်းအနား၌ လွိုင်ကော် KBZ ရုံးခွဲမှ ဒေါ်အိအိခိုင် ကပြောခဲ့သည်။

**Link:** https://issuu.com/myanmarnewspaper/docs/1_july_16_gnlm_44760f4e8e0b3c

## မုံရွာ နှင့် လွိုင်ကော်တွင် အားကစားကောလိပ် ဖွင့်မည်

Myitmakha News Agency, 23 June 2016

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် စစ်ကိုင်းတိုင်း ၊ မုံရွာမြို့ နှင့်ကယားပြည်နယ်၊ လွိုင်ကော်မြို့တို့တွင် အားကစားကောလိပ် ဖွင့်လှစ်ရန် စီစဉ်နေကြောင်း ပြောကြားလိုက်သည်။

“မြန်မာ့အားကစားအဖွဲ့ချုပ်အတွက် မျိုးဆက်သစ်အားကစားသမားတွေကို မြေတောင်မြှောက်ပေးဖို့ အားကစားကောလိပ်ကို ရန်ကုန်၊ မန္တလေး ၊မော်လမြိုင် နဲ့ တောင်ကြီး တို့မှာ ဖွင့်လှစ်ထားပြီးပါပြီ။ မုံရွာနဲ့လွိုင်ကော်မှာ ဖွင့်လှစ်ဖို့လည်း စီစဉ်နေပါပြီ " ဟု အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောခဲ့သည်။

ထိုသို့ တိုးချဲ့ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက်ဖြစ်ကြောင်း ၎င်းက ထပ်ပေါင်း ပြောကြားခဲ့သည်။ မန္တလေး၊ ရတနာပုံကောလိပ်နှင့်

ရန်ကုန်၊ ဒဂုံတက္ကသိုလ်တို့တွင် ယခုပညာသင်နှစ်၌ အားကစားကို လေ့လာသင်ယူနေကြသူ စုစုပေါင်းကျောင်းသားဦးရေ( ၃၀၂) ဦးရှိသည်။ တက္ကသိုလ်နှစ်ခုစလုံးမှ B.Sc(Sport) ဘွဲ့ ပေးအပ်မည်ဖြစ်ပြီး ယင်းဘွဲ့သည် ၂၀၁၃- ၂၀၁၄ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပထမဦးဆုံးအကြိမ် ပေးအပ်သည့် ဘွဲ့လည်းဖြစ်သည်။

ထိုသို့တိုးချဲ့ရခြင်း၏ရည်ရွယ်ချက်မှာ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် ဖြစ်သည်။

**Link:** http://www.myitmakhamedia.info/sports-colleges-to-open-in-monywa-and-loikaw/

## ကရင်ပြည်နယ်တွင် သဘာဝဘေး ကြိုတင်ပြင်ဆင်နိုင်ရေး ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်း

The Global New Light of Myanmar, 5 July 2016




ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ကရင်ပြည်နယ်တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများပြုလုပ်နိုင်ရန်အတွက် ငွေကျပ်သိန်းတစ်ထောင် လှူဒါန်းခဲ့သည်ဟု သတင်းစာရှင်းလင်းပွဲအဆိုအရသိရှိရသည်။ ပြောကြားချက်များအရအခြားအလှူရှင်များပါဝင်ပြီးအခြေခံအဆောက်အဦးများ မခိုင်ခံ့မှုကြောင့် ယမန်နှစ်တွင် သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့ပြီးအကူအညီများပေးရာတွင်အခက်အခဲများရှိခဲ့သောကြောင့်အဆင်ပြေစေရန်အတွက် ယခုကဲ့သို့လှူဒါန်းခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။ဤအလှူငွေကြေးသည် ထိုသို့ပြုလုပ်ရာတွင် တိုးတက်မှုများရှိလာအောင် ကူညီမည်ဖြစ်သည်။

ဤအခြေအနေများကိုကြားသိရသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM )မှဥက္ကဌဒေါ်နန်းလန်းခမ်းသည်တိုင်းနှင့်ပြည်နယ်များတွင်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများနှင့်အလျှင်အမြန်တုံ့ပြန်မှုများပြုလုပ်နိုင်ရန်အတွက်ဤကဲ့သို့သောငွေကြေးရန်ပုံငွေထူထောင်ရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

အလှူငွေများအား BFM အရာရှိတစ်ဦးဖြစ်သူ ဦးဘိုဘိုဝေမောင်က ကရင်ပြည်နယ်ဝန်ကြီးဖြစ်သူဒေါ်နန်းခင်ထွေးထံလွှဲပြောင်းပေးအပ်ခဲ့သည်။ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည်ရခိုင်ပြည်နယ် ၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းနှင့်စစ်ကိုင်းတိုင်းတို့တွင်လည်း ဤကဲ့သို့လှူဒါန်းခဲ့သည်။

**Link:** https://issuu.com/myanmarnewspaper/docs/5_july_16_gnlm

# မြေနှင့်ပစ္စည်းဥစ္စာ

## သိမ်းယူထားသည့်မြေများအား မူလပိုင်ရှင်များထံ ပြန်လည် ပေးအပ်

Mizzima, 27 June 2016

ဧရာဝတီတိုင်းတွင် သိမ်းဆည်းထားသည့်မြေ ဧက(၆၄၀၀)ကျော်အား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့ပြီး ကျန်ရှိသေးသည့် မြေများကိုလည်း ပြန်လည်ပေးအပ်ရန် တိုင်းနှင့်ပြည်နယ်များရှိ အာဏာပိုင်များကို ဒုသမ္မတဦးဟန်နရီဗန်ထီးသိုက ပြောကြားခဲ့ကြောင်း ယမန်နေ့ပြည်တွင်း သတင်းစာများတွင် ဖော်ပြခဲ့သည်။

လယ်ယာမြေများနှင့် အခြားမြေများ သိမ်းဆည်းခြင်းနှင့်ပတ်သတ်၍ ပြန်လည် သုံးသပ်ရေး ဗဟိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူ ဒုတိယသမ္မတမှ ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်၌ မိန့်ခွန်းပြောကြားရာတွင် အစိုးရအနေဖြင့် သိမ်းယူထားသည့် မြေများအားမူလပိုင်ရှင် လယ်သမားများထံ ပြန်လည်ပေးအပ်ခြင်းများ ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် စနစ်တကျ အသေအချာဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း ထိုသို့လုပ်ဆောင်ရာတွင် တည်ရှိနေသည့် မြေယာစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရသောကြောင့် လယ်သမားများအနေဖြင့် အတန်ငယ် စောင့်ဆိုင်းသင့်ကြောင်း ၎င်းက ထပ်ပေါင်း ပြောကြားခဲ့သည်ဟု သိရှိရသည်။

**Link:** http://www.mizzima.com/news-domestic/more-confiscated-land-returned-rightful-owners

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren